## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၃ / ၂၀၂၅ )

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်

**မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် တင်သွင်း/ တင်ပို့လုပ်ငန်းရှင်များ နှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ၂၀၂၅ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်**

၁။ အကောက်ခွန်ဦးစီးဌာနသည် တင်သွင်းတင်ပို့လုပ်ငန်းများနှင့်ဆက်စပ်၍ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို ရန်ကုန်ဧရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသ၊ ချင်းရွှေဟော်နယ်စပ်ဒေသနှင့် တာချီလိတ်နယ်စပ်ဒေသတို့ တွင် အသုံးပြုလျက်ရှိပြီး ယခုအခါ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် (၁-၄-၂၀၂၅) ရက်နေ့မှ စတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တွင် MACCS စနစ် အောင်မြင်စွာ အသုံးပြုနိုင်ရေး အတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှုဆက်စပ်ဌာနများ၊ သက်ဆိုင်ရာမြို့များရှိ ကုန်သည်ကြီးများအသင်းနှင့် ကုန်ပစ္စည်း တင်သွင်း/ တင်ပို့သည့်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ် ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ် ပို့ချခြင်းနှင့် စနစ်စမ်းသပ် အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် မြိတ်မြို့၊ ကော့သောင်းမြို့၊ မန္တလေးမြို့တို့နှင့်ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများ နှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ် ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် တင်သွင်း/ တင်ပို့ လုပ်ငန်းများ ဆောင်ရွက်နေသည့်ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများ အနေဖြင့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို (၁-၄-၂၀၂၅) ရက်နေ့ မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**